NEWS
THE CARTER CENTER
ONE COPENHILL ATLANTA, GA 30307

**ဩဂုတ်လ ၁၆ရက်၊ ၂၀၁၆**
**ချက်ခြင်းသတင်းထုတ်ပြန်ရန်**
**ဆက်သွယ်ရန်:** Atlanta၊ Soyia Ellison soyia.ellison@cartecenter.org
Yangon၊ Stefan Krause Stefan.krause@cartercenter.org

## အတလန်တာ – ကာတာစင်တာသည်ယနေ့ တွင်မြန်မာနိုင်ငံ၏ နိုဝင်ဘာ ၈ရက်၊၂၀၁၅ တွင်ကျင်းပ ခဲ့ သည့်အထွေအထွေရွေးကောက်ပွဲအစီရင်ခံစာကိုထုတ်ပြန်လိုက်ပါသည်။

ကာတာစင်တာသည် မြန်မာနိုင်ငံသားတို့ ၏နှစ်ပေါင်းများစွာဖိနှိပ်ခံခဲ့ ရသော်လည်းဒီမိုကရေစီလမ်းစဉ်တွင်မဆုတ်မနစ်အားကြိုးမန်တက်ကြိုးပမ်းခဲ့ သည့် စိတ်ဓါတ်ကိုအထူးပင်အသိအမှတ်ပြုပါသည်။ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတာဝန်ရှိအရာရှိများ၊ လူမှုအဖွဲ့အစည်းတက်ကြွလှုပ်ရှားသူများအဖြစ်ဖြင့် ဒီမိုကရေစီလုပ်ငန်းစဉ်တွင် ပါဝင်ထမ်းဆောင်ကြ ခြင်းသည်မှတ်မှတ်သားသားဖြစ်ရုံမကမြန်မာနိုင်ငံ တွင်ဒီမိုကရေစီပြည့်ဝသည့် ရွေးကောက်ပွဲတခုကိုဖြစ်ပေါ် လာစေခဲ့ ပြီးသမိုင်းတွင်ကျန်ရှိစေပါသည်။ လူမှုအဖွဲ့အစည်းတက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၏လူထုကိုရွေးကောက်ပွဲနှင့်ပတ်သက်ပြီးပညာပေးခြင်းနှင့်အတူရွေးကောက်ပွဲကိုလေ့လာခြင်းစသည့်အရာများကိုမြန်မာနိုင်ငံ၏နိုင်ငံရေးအကူးအပြောင်းတွင်ပညာပေးနိုင်ခဲ့ပါသည်။

ယခုအစီရင်ခံစာတွင်ရွေးကောက်ပွဲကာလတွင်ကြုံတွေ့ ရသည့် အခက်အခဲတချို့ ကိုလည်းဖော်ပြထားပါသည်။ နိုင်ငံတကာစံနှုန်းနှင့် မညီသည့်အချက်များကိုလည်းတင်ပြထားပါသည်။ ဖွဲ့ စည်းပုံအခြေခံဥပဒေသည်အဓိကကျအရေးပါသည်ဟုဆိုရပေမည်။တပ်မတော်လက်ထဲတွင်အနည်းငယ်အလေးသာနေပြီးနိုင်ငံသားအားလုံးတန်းတူညီမျှအခွင့်အရေးမရရှိသေးပါ။မဲဆန္ဒရှင်စာရင်းပိုမိုမှန်ကန်စေရန်ပြုစုခြင်း၊ရွေးကောက်ပွဲစီမံခန့် ခွဲပုံပိုမို၍ပွင့်လင်းမြင်သာ မှုရှိစေရန်နှင့် နိုင်ငံသားစိစစ်ရေးလုပ်ဆောင်ရာတွင်ယာယီနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများအနေဖြင့်ပိုမို၍မျှတသောစိစစ်ခွင့်စသည်တို့ ဖြစ်သည်။

အားနည်းချက်များရှိနေသော်လည်းမြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလမ်းစဉ်အပေါ် ကာတာစင်တာအနေဖြင့်မြန်မာနိုင်ငံအစိုးရသစ်နှင့်အတူပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကိုဂုဏ်ပြုလိုက်ပြီးလာမည့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင်လည်းဒီမိုကရေစီပြည့်ဝသည့် ရွေးကောက်ပွဲတခုကိုဖြစ်ပေါ် လာစေအထူးပင်

အားပေးတိုက်တွန်းမိပါသည်။ကာတာစင်တာအနေဖြင့်မြန်မာနိုင်ငံကို International Covenant on Civil and Political Rights (ICCPR) အစရှိသည့်အပြည်ပြည်ဆိုင်ရာစသည့်လူ့ အခွင့်အရေးဆိုင်ရာစာတမ်းအချို့ ကိုလက်မှတ်ရေးထိုးစေရန်အကြံပြုလိုပါသည်။ ကာတာစင်တာ အနေဖြင့်လည်း ရွေးကောက်ပွဲကော်မရှင်၊ အစိုးရပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက် လူထုအဖွဲ့အစည်းများတို့နှင့် ပူးပေါင်းကာ ဒီမိုကရေစီလမ်းကြောင်း ပေါ်ပြန်လည်ရောက်ရှိရန် ၎င်းတို့၏ အားထုတ်ကြိုးပမ်းမှုအား ပိုမိုခွန်းအားပြည့်ကာ ကူညီပေးသွား မည်ဟု ဂန်ခံကတိပြုပါသည်။

## အဓိကအကြံပြုချက်များ

- **ဖွဲ့ စည်းပုံအခြေခံဥပဒေ။** ဖွဲ့ စည်းပုံအခြေခံဥပဒေကိုပြောင်းလဲရန်လိုအပ်ပြီးအနည်းဆုံးလွှတ်တော်တစ်ခု၏အသင်းဝင်များအားလုံးသည်တိုက်ရိုက်မဲပေးခြင်းမှအရွေးချယ်ခံရသင့်သည်။တပ်မတော်မှခန့်အပ်ခြင်းခံရသူများအတွက်အမတ်နေရာများသီးသန့်ထားခြင်းကိုရပ်တန့်သင့်သည်။ထို့ အပြင်မဲများအားတူညီစေရန်အလို့ငှာအုပ်ချုပ်ရေးနယ်နိမိတ်တစ်ခုတည်းအစားလူဦးရေသို့မဟုတ်မှတ်တမ်းတင်ထားသည့်မဲဆန္ဒရှင်များအရေအတွက်ပေါ် အခြေခံသင့်သည်။ဤသည်မှာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆုံးဖြတ်ချက်များ၏အယူခံဝင်ခွင့်မှတရားစီရင်ရေးအခွင့်အာဏာသို့ထောက်ပံ့ပေးခြင်းဖြစ်သင့်ပြီးတိုင်းတစ်ပါးနိုင်ငံသားဖြစ်နေသောမိဘ၊ခင်ပွန်း/ဇနီးသို့မဟုတ်ကလေးမည်သူမဆိုသမ္မတနေရာဆုပ်ကိုင်ခြင်းမှတားမြစ်ချက်ကိုပြန်၍စဉ်းစားသင့်သည်။
- **ရွေးကောက်ပွဲအုပ်ချုပ်ရေး။**ရွေးကောက်ပွဲလုပ်ငန်းစဉ်၏အစိတ်အပိုင်းများကိုထိန်းညှိရန်ရွေးကောက်ပွဲဥပဒေများပြင်ဆင်ရေးအားစဉ်းစားဆင်ခြင်ခြင်းများပြုလုပ်သင့်သည်။ရွေးကောက်ပွဲကော်မရှင်ခွဲများ၏အသင်းဝင်ခန့်အပ်ခြင်းနှင့်အဆင့်တိုင်းတွင်ဟန်ချက်ညီသော၊ဘက်မလိုက်သောရွေးကောက်ပွဲအုပ်ချုပ်ရေးဖြစ်စေရန်ကော်မရှင်ခွဲအဖွဲ့ ဝင်များခန့်အပ်ရေးအတွက်လုပ်ထုံးလုပ်နည်းအသစ်များကိုမြန်မာနိုင်ငံ၏တိုင်းရင်းသားမတူကွဲပြားမှုကိုယ်စားပြုရန်နှင့်ရွေးကောက်ပွဲကော်မရှင်ခွဲများ၏ဖွဲ့ စည်းမှုသည်ကျား/မမျှတကြောင်းသေချာစေရန်ကြိုတင်စဉ်းစားသင့်သည်။စဉ်းစားတွေးတောခြင်းများကိုကျွမ်းကျင်ကော်မရှင်များတည်ထောင်ခြင်းသို့မဟုတ်အရပ်ဖက်အသိုင်းအဝိုင်းများ၏ကိုယ်စားပြုခြင်းများပါဝင်မှုတွင်ပေးနိုင်သည်။
- **မဲဆန္ဒရှင်စာရင်းများ။**UECအနေဖြင့်မဲဆန္ဒရှင်စာရင်းများမွမ်းမံခြင်းအတွက်ပို၍လိုလားတက်ကြွစွာတာဝန်ယူဆောင်သင့်သည်။မှတ်တမ်းများထပ်နေခြင်းသို့မဟုတ်မှားနေခြင်းကိုစုံစမ်းစစ်ဆေးသင့်သည်။မှတ်တမ်းများအတည်ပြုခြင်းလုပ်ငန်းစဉ်ကိုစောင့်ကြည့်လေ့လာနိုင်သင့်သည်။ဒစ်ဂျစ်တယ်မဲဆန္ဒရှင်မှတ်

တမ်းစာရင်းမှဆွဲထုတ်ထားသောမဲဆန္ဒရှင်စာရင်းများကိုအများပြည်သူစီစစ်ရေးအတွက်အခါအားလျော်စွာဖော်ပြသင့်သည်။

- **နိုင်ငံသားဖြစ်တည်မှု။**နိုင်ငံသားစိစစ်ရေးလုပ်ဆောင်ရာတွင်ယာယီနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများအနေဖြင့်ပိုမို၍မျှတသောစိစစ်ခွင့်စသည်တို့ ဖြစ်သည်။နိုင်ငံသားအားလုံးတန်းတူညီမျှသည့် အခွင့်အရေးရစေရန်ဖြစ်သည်။

- **ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း။**ရွေးကောက်ပွဲဥပဒေပြဌာန်းချက်ကိုရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းအတွက်ပေးသင့်ပြီးရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်တခုလုံးအားစောင့်ကြည့်လေ့လာသူများရောက်နိုင်ရန်အာမခံပေးသင့်သည်။

- **နိုင်ငံရေးဆိုင်ရာရပိုင်ခွင့် များ။**လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခြင်း၊စုဝေးခြင်းနှင့်ဆန္ဒထုတ်ဖော်ခြင်းတို့ ရှိရမည်ဖြစ်ပြီးကိုယ်စားလှယ်လောင်းတိုင်း၊ပါတီတိုင်းပိုမို၍လွတ်လပ်စွာမဲဆွယ်ခွင့် ရှိသင့်ပါသည်။

- **မဲဆွယ်ခြင်းငွေကြေးစီမံမှု။**စည်းရုံးလှုံ့ဆော်မှုငွေကြေးဆိုင်ရာစည်းမျဉ်းများ၏အကျိုးသက်ရောက်မှုကိုလှူဒါန်းသူများ၏မည်သူကမည်မျှပံ့ပိုးပေးသည်ကိုထုတ်ဖော်မှုနှင့်အစီရင်ခံစာများထုတ်ဝေမှု၊နိုင်ငံရေးပါတီများငွေကြေးမည်မျှသုံးစွဲသည်ဆိုသည်ကိုကြည့်ခြင်း၊စည်းရုံးလှုံ့ဆော်မှုဆိုင်ရာပံ့ပိုးမှုများနှင့်စည်းရုံးလှုံ့ဆော်ကာလအတွင်သုံးစွဲခဲ့ခြင်းပေါ် တွင်အစီရင်ခံရန်လိုအပ်ချက်ဖြစ်သောစောင့်ကြည့်လေ့လာခြင်းလုပ်ထုံးလုပ်နည်းမိတ်ဆက်ခြင်းမှတဆင့်တိုးမြှင့်နိုင်သည်။

အစီရင်ခံစာအပြည့်အစုံကိုဆက်လက်ဖတ်ရှု ရန်

###

***ကာတာစင်တာ***
*"ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်၊ ရောဂါဘယကို တိုက်ဖျက်၊ မျှော်လင့်ချက် တည်ဆောက်"*

*အကျိုးအမြတ်အတွက် မဟုတ်သော၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် ကာတာစင်တာကို နိုင်ငံပေါင်း ၈၀ ကျော်မှ ပြည်သူများ၏ဘဝကို ပိုမိုကောင်းမွန်လာစေရန် ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးများနှင့် စီးပွားရေး အခွင့်အလမ်း တိုးမြှင့်စေခြင်း၊ ရောဂါဘယများမှ ကာကွယ်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ပိုမို ကောင်းမွန်လာစေခြင်းတို့ဖြင့် ကူညီပေးပါသည်။ ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးကို တိုးမြှင့်ပေးနိုင်ရန် ကာတာစင်တာကို ၁၉၈၂ခုနှစ်တွင်*

*အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီး ရိုဇလင်းတို့မှ အီမိုရီတက္ကသိုလ်နှင့် မိတ်ဖက်ဖွဲ့ကာ တည်ထောင်ခဲ့ပါသည်။ ဤ ရွေးကောက်ပွဲသည် ကာတာစင်တာ၏ ရွေးကောက်ပွဲပေါင်း စောင့်ကြည့် လေ့လာမှု အကြိမ် (၁၀၁) ကြိမ်မြောက် ဖြစ်ပါသည်။*

*ကာတာစင်တာနှင့် ပတ်သက်၍ သိလိုသည်များကို www.cartercenter.org တွင်လည်းကောင်း၊ Twitter@CarterCenter ကို follow လုပ်ခြင်းဖြင့်လည်းကောင်း၊ Facebook တွင် Facebook.com/CarterCenter ကို like လုပ် ခြင်းဖြင့်လည်းကောင်း၊ YouTube တွင် YouTube.com/CarterCenter ကို ကြည့်ရှု လေ့လာခြင်းဖြင့်လည်းကောင်း၊ Google+ http://google.com/+CarterCenter တွင်လည်းကောင်း လေ့လာနိုင်ပါသည်။*